ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂၈ / ၂၀၂၆**

၁၃၈၈ ခုနှစ်၊ ပထမဝါဆိုလဆန်း ၈ ရက်

(၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၂ ရက်)

## ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဖွဲ့စည်းခြင်း

### ဖွဲ့စည်းခြင်း

၁။ အမျိုးသားလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇၊ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆၊ ၁၀၇ နှင့် အမျိုးသားလွှတ်တော် အစည်းအဝေးဆုံးဖြတ်ချက်တို့အရ ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီကို အောက်ပါ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဖွဲ့စည်းလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဒေါက်တာစောနေလင်းအောင် | ကရင်ပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၇) | **ဥက္ကဋ္ဌ** |
| (ခ) | ဦးကျော်သူဦး | မကွေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဂ) | ဦးရှာမွေလရှဲန် | ရှမ်းပြည်နယ်<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (ဃ) | ဦးဝင်းလှိုင် | ရန်ကုန်တိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၁) | အဖွဲ့ဝင် |
| (င) | ဦးမောင်မောင်မြင့် | မန္တလေးတိုင်းဒေသကြီး<br>အမျိုးသားလွှတ်တော်<br>ကိုယ်စားလှယ်အမှတ် (၅) | အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (စ) | ဦးမောင်စိန် | တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၃) | အဖွဲ့ဝင် |
| (ဆ) | ဦးတောရယ် | ကယားပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၈) | အဖွဲ့ဝင် |
| (ဇ) | ဦးသန်းအေး(ခ)ဦးတင်ဦး | တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၀) | အဖွဲ့ဝင် |
| (ဈ) | ဦးသိန်းမြင့် | မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၁၁) | အဖွဲ့ဝင် |
| (ည) | နိုင်အမ်ချမ်းမွန်(ခ) မင်းစိုးခိုင် | မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၄) | အဖွဲ့ဝင် |
| (ဋ) | ဗိုလ်မှူးကြီးသက်ဇင်ထွန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဌ) | ဒုတိယဗိုလ်မှူးကြီးမျိုးမောင်သိန်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဍ) | ဗိုလ်မှူးသန်းထွန်းဦး | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဎ) | ဗိုလ်မှူးဇေယျာဝင်း | တပ်မတော်သားကိုယ်စားလှယ် | အဖွဲ့ဝင် |
| (ဏ) | ဦးဇော်မင်းသန်း | တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ် (၄) | **အတွင်းရေးမှူး** |

၂။ ဤကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ(ဇ) အရ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဖြစ်သည်။

**ကော်မတီ၏သက်တမ်း**

၃။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ကော်မတီ၏သက်တမ်း တစ်နှစ်ပြည့်မြောက်သည့်အခါတိုင်း ပြန်လည်သုံးသပ်ပြီး လိုအပ်ပါက ကော်မတီအမည်ပြင်ဆင်ခြင်းနှင့် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုး တာဝန်ပေးအပ်ခြင်းတို့ ဆောင်ရွက်နိုင်သည်။

**ကော်မတီအစည်းအဝေးများ**

၄။ ကော်မတီအစည်းအဝေးများကို အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျင်းပရမည်။

**ကော်မတီ၏ တာဝန်များ**

၅။ ကော်မတီ၏တာဝန်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့်စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၏ မူဝါဒ၊ ရည်မှန်းချက်များ၊ စီမံကိန်းများ၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၏ လက်ရှိရောက်ရှိနေသော အခြေအနေများကို လေ့လာသုံးသပ် အကြံပြုရန်၊

( ခ ) ကော်မတီသည် ဆောက်လုပ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် စွမ်းအင်ကဏ္ဍဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများကို လေ့လာ၍ အောက်ဖော်ပြပါ ကဏ္ဍများအလိုက် သုံးသပ်အကြံပြုရန်-

(၁) **ဆောက်လုပ်ရေးကဏ္ဍ**

(ကက) မြန်မာနိုင်ငံ၏ ဆောက်လုပ်ရေးကဏ္ဍကို စနစ်ကျန၍ ခေတ်မီစွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

( ခခ ) မြန်မာနိုင်ငံအတွင်းရှိ မြို့ပြနှင့် ကျေးလက်ဒေသနေ ပြည်သူလူထု၏ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာစေရေးအတွက် လမ်း၊ တံတားများကို အဆင့်မီ အသစ်ဖောက်လုပ်တည်ဆောက်ခြင်း၊ မွမ်းမံပြင်ဆင်ခြင်းတို့ကို ဆောင်ရွက်ရန်၊

( ဂဂ ) ပြည်သူလူထုအတွက် သင့်လျော်ကောင်းမွန်သည့် အိမ်ရာများကို ဖြည့်ဆည်းဆောင်ရွက်ရန်။

(၂) **စက်မှုကဏ္ဍ**

(ကက) ခေတ်မီစိုက်ပျိုးရေးကို အခြေခံ၍ စက်မှုနိုင်ငံအဆင့်သို့ တက်လှမ်းရေး၊ လယ်ယာအခြေခံ စက်မှုလုပ်ငန်းများ၊ လယ်ယာထုတ်ကုန်များ တန်ဖိုးမြှင့် ထုတ်လုပ်သည့်လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် တိုးတက်လာစေရေးနှင့် အသေးစား၊ အငယ်စား၊ အလတ်စား နှင့် စီးပွားရေးလုပ်ငန်းများကို အလေးပေးဆောင်ရွက်ရင်း အကြီးစားစက်မှုလုပ်ငန်းများ ဆက်လက်ထူထောင်ခြင်းဖြင့် သွင်းကုန်အစားထိုးထုတ်ကုန်များနှင့် ပြည်ပပို့ကုန်များ တိုးမြှင့်ရန်၊

(ခခ) စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပုဂ္ဂလိကအခန်းကဏ္ဍ၊ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုကဏ္ဍ ပိုမိုမြှင့်တင်ရေးကို ဦးစားပေးပြီး နည်းပညာ၊ အတတ်ပညာနှင့် ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်၍ ပူးပေါင်းဆောင်ရွက်ရန်၊

(ဂဂ) နိုင်ငံသားများ၏ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ဖြစ်ပေါ်လာစေရန် ပြည်တွင်းရှိ သယံဇာတ ကုန်ကြမ်းပစ္စည်းများကို ထိရောက် အကျိုးရှိစွာအသုံးပြုပြီး တန်ဖိုးမြှင့်ထုတ်လုပ်ခြင်းကို တိုးမြှင့်ဆောင်ရွက်ရန်။

(၃) **လျှပ်စစ်ကဏ္ဍ**

(ကက) မြန်မာနိုင်ငံတစ်နိုင်ငံလုံးသို့ လျှပ်စစ်ဓာတ်အား လုံလောက်ပြည့်ဝစွာ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ရနိုင်သမျှ ရေအား၊ လေအား၊ နေအား၊ အပူစွမ်းအင်နှင့် အခြားစွမ်းအင်အရင်းအမြစ်များကို အသုံးပြု၍ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပြီး ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စေရန်၊

(ခခ) လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်း လုပ်ငန်းများကို ခေတ်မီနည်းစနစ်များနှင့်အညီ ဆောင်ရွက်၍ ဒေသအလိုက် ဖြန့်ဖြူးရေးလုပ်ငန်းများတွင် ပုဂ္ဂလိကအပိုင်းမှ ပါဝင်ဆောင်ရွက်မှုကို အားပေး မြှင့်တင်သွားရန်၊

(ဂဂ) လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းနှင့် ပို့လွှတ်ခြင်းလုပ်ငန်းများကို သဘာဝပတ်ဝန်းကျင်နှင့် လူမှုပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်စေရေးအတွက် EIA/SIA သုံးသပ်မှုများပြုလုပ်ပြီး စနစ်တကျ စီမံဆောင်ရွက်ရန်၊

(ဃဃ) ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပါဝင်လာပြီး စီးပွားရေး အသွင်ဆောင်သော လျှပ်စစ်လုပ်ငန်းများ ဖြစ်ပေါ်လာစေရန်၊

(ငင) လျှပ်စစ်ဥပဒေနှင့် နည်းဥပဒေများကို နိုင်ငံတော်၏ စီးပွားရေး မူဝါဒများ ပွင့်လင်းလာသော ခေတ်ကာလနှင့် လိုက်လျောညီထွေ ဖြစ်စေရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၏ အကြံဉာဏ် အကူအညီများကို ရယူဆောင်ရွက်ရန်။

(၄) **စွမ်းအင်ကဏ္ဍ**

(ကက) ပြည်တွင်းစွမ်းအင်လိုအပ်ချက်ဖူလုံစေရေး ဦးစားပေးဆောင်ရွက်ရန်၊ ရှာဖွေတွေ့ရှိသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့ သယံဇာတများကို ထွက်ရှိရာဒေသ အပါအဝင် ပြည်သူလူထုတစ်ရပ်လုံး အကျိုးရှိ ထိရောက်စွာ ရရှိခံစားနိုင်ရေးအတွက် ဆောင်ရွက်ရန်၊

(ခခ) စဉ်ဆက်မပြတ် စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည် ဖော်ဆောင်ရွက်ရန်၊

(ဂဂ) အခြားအစားထိုးစွမ်းအင် အမျိုးအစားများကို အိမ်သုံးစွမ်းအင်အဖြစ် အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက်ရန်၊

(ဃဃ) စွမ်းအင်ကဏ္ဍတွင် ပုဂ္ဂလိကအပိုင်းမှ ပိုမိုပါဝင်လာစေရေးကို မြှင့်တင် ဆောင်ရွက်ရန်၊

(ငင) စွမ်းအင်ဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ရာတွင် သဘာဝပတ်ဝန်းကျင် နှင့် လူမှုပတ်ဝန်းကျင်များကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေရန်၊

(စစ) စွမ်းအင်အမျိုးအစားသစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် အရင်းအမြစ်များကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနိုင်ရေးအတွက် မြှင့်တင်ဆောင်ရွက်ရန်။

## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၆။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ဖော်ပြပါအတိုင်းဖြစ်ပါသည်-

(က) ကော်မတီသည် သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းတို့မှ ဖြေကြားနိုင်မည့် တာဝန်ရှိ ပုဂ္ဂိုလ်များကိုလည်းကောင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများမှ တာဝန်ရှိသူများကိုလည်းကောင်း ဖိတ်ကြားပြီး မေးမြန်းဆွေးနွေးနိုင်ပါသည်၊

(ခ) ကော်မတီသည် လုပ်ငန်းနှင့်သက်ဆိုင်သည့် မူဝါဒများ၊ လုပ်ငန်းစဉ်များ၊ အမိန့်ညွှန်ကြားချက်များနှင့် စာရင်းဇယားများကို အမျိုးသားလွှတ်တော်ရုံးမှတစ်ဆင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် တာဝန်ရှိသူများထံမှ တောင်းခံနိုင်ပါသည်၊

(ဂ) ကော်မတီသည် လိုအပ်သည့် နယ်မြေဒေသများသို့ သွားရောက်လေ့လာရန် ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာ လိုအပ်ချက်များကို ဥက္ကဋ္ဌမှတစ်ဆင့် လွှတ်တော်ဥက္ကဋ္ဌထံသို့ ခွင့်ပြုချက်ရယူရမည် ဖြစ်ပါသည်၊

(ဃ) ကော်မတီသည် လုပ်ငန်းနှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲ (Workshop)၊ စာတမ်းဖတ်ပွဲများ၊ အခြားဌာနဆိုင်ရာနှင့် အဖွဲ့အစည်းများမှ ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲ၊ စာတမ်းဖတ်ပွဲများကိုလည်း လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်နိုင်ခွင့်ရှိပါသည်၊

(င) ကော်မတီသည် ဆပ်ကော်မတီအလိုက်ဖြစ်စေ၊ အဖွဲ့ခွဲ၍ဖြစ်စေ၊ လိုအပ်သော ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ဖွဲ့စည်း၍ဖြစ်စေ လိုအပ်သည့် ပြည်တွင်းနေရာဒေသ၊ အသင်းအဖွဲ့၊ ရုံး၊ အလုပ်ရုံ၊ လုပ်ငန်းတည်နေရာ သို့မဟုတ် အစိုးရရုံးဌာနများနှင့် ပြည်တွင်းရှိ နိုင်ငံတကာအဖွဲ့အစည်းရုံးများသို့ တာဝန်အရ သွားရောက်လေ့လာ ဆောင်ရွက်နိုင်သည်။ ထိုသို့ သွားရောက်လေ့လာ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးသို့ ခရီးစဉ်နှင့် အုပ်ချုပ်မှုဆိုင်ရာလိုအပ်သည်များကို ကြိုတင်ညှိနှိုင်းတင်ပြပြီး အမျိုးသားလွှတ်တော်ရုံး၏ စီစဉ်ပေးမှုဖြင့် ဆောင်ရွက်ရပါမည်၊

(စ) ကော်မတီ၏ လေ့လာတွေ့ရှိချက်များအရ ပြည်ထောင်စုအစိုးရအဖွဲ့ကဖြစ်စေ၊ တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့တို့ကဖြစ်စေ ပြုပြင်ပြောင်းလဲစီစဉ်ဆောင်ရွက်ပေးရန်သင့်သော သို့မဟုတ် လိုအပ်သလို အရေးယူဆောင်ရွက်ရန်သင့်သော တွေ့ရှိချက်များရှိပါက လွှတ်တော်ဥက္ကဋ္ဌထံသို့ သက်ဆိုင်ရာအမှုတွဲနှင့်အတူ ပြည့်စုံစွာ ပြုစုတင်ပြရပါမည်။

**ကော်မတီ၏ ရပိုင်ခွင့်နှင့်အခွင့်အရေးများ**

၇။ ကော်မတီဝင်များသည် ကော်မတီလုပ်ငန်းတာဝန်ကို ဆောင်ရွက်ရန် သို့မဟုတ် ကော်မတီအစည်းအဝေးတက်ရောက်ရန် ကော်မတီရုံးစိုက်ရာဒေသတွင် ရောက်ရှိနေစဉ်၌ လည်းကောင်း၊ လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် လွှတ်တော်၏ တာဝန်ပေးချက်အရ ခရီးသွားလာရာ၌ လည်းကောင်း ယင်းတို့နှင့် သက်ဆိုင်သည့် ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေပါ ရပိုင်ခွင့်များကို ခံစားခွင့်ရှိသည့်အပြင် လွှတ်တော်က သတ်မှတ်သည့် ရပိုင်ခွင့်များကိုလည်း ခံစားခွင့်ရှိသည်။

၈။ ကော်မတီဝင်များသည်-

(က) ကော်မတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ တည်ဆဲအခြားဥပဒေ တစ်ရပ်ရပ်အရ အရေးယူခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ခ) ကော်မတီအစည်းအဝေး တက်ရောက်နေစဉ်အတွင်း လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိပါက ဖမ်းဆီးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိသည်၊

(ဂ) ပြစ်မှုတစ်ရပ်ရပ်ဖြင့် ဖမ်းဆီးခြင်းခံရပါက ပြစ်ဒဏ်စီရင်ခြင်းမခံရမီ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ကော်မတီအစည်းအဝေးများသို့ တက်ရောက်ခွင့်ရှိသည်။

(ပုံ) အောင်လင်းဒွေး

ဥက္ကဋ္ဌ